**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့။

ယနေ့မွန်းတည့် (၁၂း၃၀) နာရီတွင် လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေကျေးရွာအုပ်စု ကုန်းဆွတ်ကျေးရွာအနီးတွင် စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များကို ကရင်နီတပ်မတော်(KA)နှင့် KNDF တို့မှ တိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲမှာ မွန်းတည့် (၁၂း၃၀) မှ မွန်းလွဲ (၁၄း၃၀)နာရီအထိကြာမြင့်ခဲ့ပြီး၊ လွိုင်လင်လေးဖက်မှ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့အများအပြား အင်အားဖြည့်တင်းထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် မိမိတို့ဘက်မှ တပ်ဆုတ်ခဲ့ရပါသည်။ ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဘက်မှ (၆) ဦး သေဆုံးခဲ့ပြီး၊ ထိခိုက်များရှိခဲ့ပါသည်။

တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များကိုခုခံတိုက်ခိုက်ရင်း မိမိတို့ဘက်မှ ရဲဘော်တစ်ဦး ကျဆုံးခဲ့ပါသည်။ KNDF မှ ကျဆုံးသွားသော ရဲဘော်ကို အာဇာနည်သူရဲကောင်းအဖြစ် သမိုင်းမှတ်တမ်းတင် အလေးပြုပါသည်။

ထို့အပြင် ယနေ့ နေ့လည် (၁၁း၃၀)နာရီခန့်၊ လွိုင်ကော်မြို့နယ်၊ ခလရ(၂၅၁) တပ်ရင်းအနီးတွင် အကြမ်းဖက်စစ်ကောင်စီတပ်နှင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့ တိုက်ပွဲတစ်နာရီကြာဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ပွဲအတွင်းအကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ ထိခိုက်ကျဆုံးမှုများရှိခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့ တပ်မ (၅၅)မှ တပ်ရင်းသည် လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်နှင့် ဘာဒိုကျေးရွာတို့တွင်စစ်ကြောင်းထိုးလျက်ရှိပါသည်။ ၄င်းရပ်ကွက်နှင့် ကျေးရွာအတွင်းရှိပြည်သူများမှာ အကြမ်းဖက်စစ်ကောင်စီတပ်များ၏ အရပ်သားများအပေါ် ပစ်မှတ်ထား တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထွက်ပြေးသိမ်းရှောင်နေရပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၄၉၅၇၂၉၃၁၊ ၀၉၇၆၅၇၃၃၁၆၈။